စကားပြောကြေးနန်း(နေပြည်တော်)
ရုံး ၀၆၇ - ၄၁၁၁၄၈
၀၆၇ - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်။ ၁(က)(၁)၂၀၂၄( ၁၆၄၅ )ကလရ။
ရက်စွဲ။ ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ( ၁၄ )ရက်။

## M.Sc (Epidemiology) သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

ထိုင်းနိုင်ငံ၊ Prince of Songkla University, Department of Epidemiology တွင် The 2024 PSU-Faculty of Medicine International Student Graduate Scholarships(National Institute of Health Grant )ဖြင့် ၂၀၂၄ခုနှစ်မှစ၍(၂)နှစ်ကြာ သင်ကြားပို့ချမည့် M.Sc (Epidemiology) သင်တန်းသို့ ပညာသင်စေလွှတ်ရန်အတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာ ဦးစီးဌာန/တက္ကသိုလ်မှတဆင့် လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**<u>လိုအပ်သောအရည်အချင်းများ</u>**

၁။ လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းသည်လည်း နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့်ပြုနိုင်ငံသားများကိုလည်း လျှောက်ထားခွင့်ပြုပါသည်။)

၂။ လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ် အမှုထမ်းသက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

၃။ လျှောက်ထားသူသည် ခွင့်မဲ့ပျက်ကွက်ခဲ့ဖူးပါက လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်ပြန်လည် ဝင်ရောက်မှု အနည်းဆုံး(၂)နှစ်ရှိပြီးသူဖြစ်ရပါမည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် MPH / M.Med.Sc (Public Health)/ M.Med.Sc (P&TM) ဘွဲ့ရရှိထားသူ ဖြစ်ရပါမည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်အောက်ရှိသူဖြစ်ရပါမည်။

၆။ နိုင်ငံခြားတွင်(၆)လနှင့်အထက်သင်တန်း တက်ရောက်ပြီးသူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူ ဖြစ်ရပါမည်။

၇။ သင်တန်းမှပြန်လည်ရောက်ရှိပါက နိုင်ငံ့ဝန်ထမ်းအဖြစ်(၄)နှစ်ပြန်လည် တာဝန်ထမ်းဆောင် နိုင်သူ ဖြစ်ရပါမည်။

၈။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပါက TOEFL Paper – based score of 500 (or) higher computer-based score of 183 (or) higher internet-based score of 72 (or) higer (သို့မဟုတ်) IELTS Score 5 နှင့်အထက်ရရှိထားသည့် အထောက်အထားအား တင်ပြနိုင်သူ ဖြစ်ရပါမည်။

 လျှောက်လွှာတွင်ဖော်ပြရမည့်အချက်အလက်များနှင့် လျှောက်လွှာပေးပို့ရမည့်အစီအစဉ်။

၁။ အမည် (မြန်မာဘာသာဖြင့်) -
(အင်္ဂလိပ်ဘာသာဖြင့်) -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
ဆမအမှတ် -

၂။ အဘအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
အလုပ်အကိုင်

၃။ အမိအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
အလုပ်အကိုင် -

၄။ ဇနီး/ခင်ပွန်းအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
အလုပ်အကိုင် -

၅။ အသက်(မွေးနေ့သက္ကရာဇ်) -

၆။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

၇။ ပညာအရည်အချင်း -

၈။ လက်ရှိရာထူးနှင့်ဌာန -

၉။ စတင်အမှုထမ်းဆောင်သည့်နေ့နှင့်အမှုထမ်းသက် -

၁၀။ အမှုထမ်းရာဇဝင်အကျဉ်း -

၁၁။ ဆက်သွယ်ရန်လိပ်စာ၊တယ်လီဖုန်းအမှတ်နှင့် Email Address -

၁၂။ ပြည်တွင်း၌တက်ရောက်ခဲ့သောဘွဲ့နှင့်အောင်မြင်ခဲ့သော (ရက်၊လ၊ခုနှစ်) -

၁၃။ ပြည်ပသို့ (၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့ဘူးပါက သွားရောက်ခဲ့သည့်နိုင်ငံ၊ သင်တန်းကာလ(ရက်၊ လ၊ နှစ်အတိအကျဖော်ပြရန်)

၁၄။ ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းတက်ရောက်နေခြင်း(သို့မဟုတ်)တက်ရောက်ရန် ရွေးချယ်ခံထားရခြင်းရှိ/မရှိ

၁၅။ ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ဆဲဖြစ်ပါက ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၁၆။ လျှောက်ထားသည့်သင်တန်း -----------------------------------------------

၁၇။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသော ပါတ်စ်ပို့အရွယ်ဓါတ်ပုံ(၃)ပုံ

(ခ) အသက်မှန်ကန်ကြောင်းထောက်ခံစာမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူ

၁၈။ လျှောက်လွှာတွင် အချက်အလက်အားလုံးပြည့်စုံစွာဖော်ပြပြီး သင်တန်းသားကိုယ်တိုင် လက်မှတ်ရေးထိုး၍ မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဦးစီးဌာန/တက္ကသိုလ်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၁၉။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်လျှောက်လွှာပေးပို့ရန်မလိုပါ။

၂၀။ သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်မှ သင်တန်းသား၏ လျှောက်လွှာပါအချက်အလက်များ မှန်ကန် ပြည့်စုံကြောင်းနှင့် သင်တန်းဝင်ရောက်ဖြေဆိုခွင့်ကို ထောက်ခံ/မထောက်ခံဖော်ပြ၍ ၎င်း၏ CDM ကင်းရှင်းကြောင်းခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့်၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှု မှတ်တမ်း၊ လစာထုတ်ယူမှုမှတ်တမ်းအကျဉ်းချုပ်၊ လျှောက်လွှာများနှင့်တကွ ဤကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်သို့ **(၂၃-၂-၂၀၂၄)ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထားပေးပို့ရမည်။**

၂၁။ သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်မှတဆင့် **စိစစ်ထောက်ခံပေးပို့ခြင်းမရှိသည့်** လျှောက်လွှာ များကိုစဉ်းစားမည်မဟုတ်ပါ။

<u>**အရည်အချင်းစစ်စာမေးပွဲ။**</u>

သတ်မှတ်ထားသောအရည်အချင်းနှင့်ပြည့်စုံသူများသည် **အရည်အချင်းစစ်နှုတ်ဖြေစာမေးပွဲ**ကို **"ကျန်းမာရေးဝန်ကြီးဌာန၊ရုံးအမှတ်(၄)၊နေပြည်တော်"**တွင်ဖြေဆိုရမည်ဖြစ်ပြီး၊ကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

<u>မှတ်ချက်။</u>

- လျှောက်လွှာပိတ်ရက်နောက်ပိုင်းမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံခြင်း မရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
- စာမေးပွဲလာရောက်ဖြေဆိုသည့်အခါပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဝန်ထမ်းစိစစ်ရေးကဒ်ပြားများကို တင်ပြရပါမည်။
- အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။
- ၀၆၇-၄၁၁၁၇၉ ညွှန်ကြားရေးမှူး
  ၀၆၇-၄၁၁၂၃၈ နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲ
  ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
- ၀၆၇-၄၁၁၁၄၈ နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲ
  ၀၆၇-၄၁၁၁၄၉ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
  လိုင်းခွဲ-၈၀၉

(ဒေါက်တာတင်ထွန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း။

၁။ ကျန်းမာရေးဝန်ကြီးဌာန။

၂။ ညွှန်ကြားရေးမှူးချုပ်၊ဦးစီးဌာနများအားလုံး။

၃။ ပါမောက္ခချုပ်၊တက္ကသိုလ်များအားလုံး။